ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခြံစည်းရိုးကာရံခွင့်လျှောက်ထားလာပါက မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် အောက်ပါအတိုင်း စစ်ဆေးဆောင်ရွက်မည်ဖြစ်ပါသည်–

(၁) ဂရန်(သို့မဟုတ်)အတိုင်းအတာပါမြေပုံ၊ အဆိုပြုပုံစံပါအတိုင်းအတာ၊ မြေပြင်ရှိ မြေကွက်အတိုင်းအတာတို့ ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း

(၂) အဆိုပြုမြေကွက်သို့ ဆက်စပ်မြေကွက်များမှ အဆောက်အအုံအစိတ်အပိုင်းများ လေကျူးကျော်ခြင်း၊ မြေကျူးကျော်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း

(၃) အဆိုပြုမြေကွက်နှင့်ဆက်စပ်မြေကွက်များ၏ မြေအနိမ့်အမြင့်အနေအထားကို စစ်ဆေးခြင်း

(၄) အဆိုပြုမြေကွက်နှင့် လျှပ်စစ်ဓာတ်အားလိုင်း အကွာအဝေး စစ်ဆေးခြင်း

(၅) အဆိုပြုမြေကွက်အတွင်း အခြေအနေ၊ အဆိုပြုခြံစည်းရိုးကြိုတင်ဆောင်ရွက်ထားခြင်းရှိ/မရှိ၊ ကြိုတင်ဆောင်ရွက်ထားပါက ပြီးစီးမှုအခြေအနေ၊ တင်ပြပုံစံနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးခြင်း

(၆) အဆိုပြုမြေကွက်နှင့် ဆက်စပ်မြေကွက်များ၏ ထောက်ခံချက်များ မှန်ကန်မှုရှိ/မရှိစစ်ဆေးခြင်း

(၇) အဆိုပြုမြေကွက်အတွင်း ရေမြောင်းနှင့်ရေပိုက်များ ဖြတ်သန်းနေခြင်းရှိ/မရှိ၊ အဆိုပြုခြံစည်းရိုးကြောင့် အများပြည်သူ ဝင်ထွက်လမ်းပိတ်ဆို့နိုင်ခြင်းရှိ/မရှိ၊ အဆိုပြုခြံစည်းရိုးနှင့် ချောင်း၊ မြောင်း တို့၏ အကွာအဝေးနှင့် အခြားထူးခြားသော ပြဿနာများရှိ/မရှိ စစ်ဆေးခြင်း